ပုံနှိပ် နှင့် သတင်းမီဒီယာဥပဒေ (ပထမမူကြမ်း)

(Press Law)

အခန်း(၁)

အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

ပုဒ်မ၁။ ။ ဤဥပဒေကို ပုံနှိပ်နှင့် သတင်းမီဒီယာဥပဒေ (Press Law) ဟုခေါ်တွင်စေရမည်။

ပုဒ်မ၂။ ။ ဤဥပဒေပါ စကားရပ်များသည် အောက်ဖော်ပြပါ အတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်။

(က) သတင်းမီဒီယာဆိုသည်မှာသတင်းနှင့်စပ်လျဉ်းသောအလုပ်များဖြစ်သည့်သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊သိုလှောင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊သတင်းအချက်အလက်များကိုခွဲခြမ်းစိတ်ဖြာခြင်း၊ပျံ့နှံ့စေခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ အရုပ်/အသံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဍာန်မျိုးစုံ အသုံးပြုကာ၊ ပုံနှိပ်မီဒီယာ၊အီလက်ထရွန်နစ်မီဒီယာနှင့် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် လူမှုရေးနှင့်အများပြည်သူဆိုင်ရာပြန်ကြားရေး၊ဆက်သွယ်ရေးလုပ်ငန်းများကိုဆိုသည်။

(ခ) ကောင်စီဆိုသည်မှာဤဥပဒေနှင့်အညီဖွဲ့စည်းသောသတင်းမီဒီယာကောင်စီ(press council) ကိုဆိုသည်။

(ဂ) သတင်းထုတ်လွှင့်ပြသခြင်းဆိုသည်မှာအသံဖြင့်ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ၊အများပြည်သူအားထုတ်လွှင့်ပြသခြင်းကိုဆိုသည်။

(ဃ) သတင်းစာဆိုသည်မှာဖြစ်ပျက်နေသော ပြည်တွင်းပြည်ပသတင်းအချက်အလက်များနှင့် စပ်လျဉ်းသော အကြောင်းအရာအားလုံး ပုံမှန်ဖြန့်ချိသောထုတ်ဝေစာကိုဆိုသည်။

(င) သတင်းထောက်ဆိုသည်မှာ သတင်းလိုက်ခြင်း၊သတင်းရေးသားခြင်းနှင့် သတင်းအချက်အလက်များကိုသတင်းမီဒီယာတစ်ခုခုသို့ပေးပို့သူကိုဆိုသည်။

(စ) စာနယ်ဇင်းဆိုသည်မှာ သတင်း၊ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ကာတွန်း၊ဓာတ်ပုံ၊သရုပ်ဖော်ပုံစသည်တို့ကို ပုံနှိပ်နည်းပညာဖြင့်ဖြစ်စေ၊အီလက်ထရောနစ်သို့မဟုတ် အခြားသော နည်းပညာ တစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖော်ပြထားသည့် သတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်း၊စာအုပ်စာစောင်ကိုဆိုသည်။

(ဆ) ပုံနှိပ်သူဆိုသည်မှာစာနယ်ဇင်းတစ်မျိုးမျိုးကိုတာဝန်ခံရိုက်နှိပ်သူသို့မဟုတ်အဖွဲ့အစည်းကိုဆိုသည်။

(ဇ) ထုတ်ဝေသူဆိုသည်မှာသတင်းစာ ၊ သတင်းဂျာနယ်၊မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြကာတွန်း၊ သုတစာပေစသည့်စာပေတစ်မျိုးမျိုးကိုတာဝန်ခံထုတ်ဝေသူသို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဈ) ဖြန့်ချိသူဆိုသည်မှာပုံနှိပ်ပြီး စာအုပ်စာပေ၊ စာနယ်ဇင်းများကိုနယ်ပယ်ဒေသအသီးသီးသို့ဖြန့်ချိသည့် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ်အဖွဲ့အစည်းကိုဆိုသည်။

(ည) သတင်းအေဂျင်စီဆိုသည်မှာပြည်တွင်းပြည်ပမှသတင်းများကိုစုဆောင်း၍ပုံနှိပ်မီဒီယာ၊အီလက်ထရောနစ် မီဒီယာတစ်မျိုးမျိုးဖြင့် ဖြန့်ချိသည့်လုပ်ငန်းကိုလုပ်ကိုင်သည့်အဖွဲ့အစည်းကိုဆိုသည်။

(ဋ) (ဆင်ဆာ) ကြိုတင်စိစစ်ခြင်း ဆိုသည်မှာ စာနယ်ဇင်းတစ်ခုခုတွင် ပါဝင်သည့်အကြောင်းများကိုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ

ဖြတ်တောက်ဖယ်ရှားခြင်း(သို့မဟုတ်) ပေးခြင်း၊ ခြိမ်းခြောက် ခြင်း၊ သတင်းထုတ်ပြန်ခွင့်ရရှိစေရန် ခွင့်ပြုမိန့် တောင်းခံရခြင်းကိုဆိုသည်။

(ဎ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကိုဆိုသည်။

(ဍ) ဝန်ကြီးဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ဎ) ဝန်ကြီးဌာနဆိုသည်မှာပြန်ကြားရေးဝန်ကြီးဌာနကိုဆိုသည်။

အခန်း(၂)
ဥပဒေ၏ရည်ရွယ်ချက်များ

ပုဒ်မ၃။ ။နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၄)(က)ပါပြဋ္ဌာန်းချက်နှင့်အညီနိုင်ငံသားတိုင်း လွတ်လပ်စွာ သတင်းရေးသားထုတ်ဝေခွင့်အရ ပုံနှိပ်ဖြန့်ချိသော သတင်းမီဒီယာလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းစေရေး။

ပုဒ်မ၄။ ။ပြည်သူများ၏ သတင်းကိုသိရှိခွင့်နှင့် သတင်းအပေါ် ပြန်ကြားပြောဆိုခွင့်များကို ကာကွယ်မြှင့်တင်ပေးရေး။

ပုဒ်မ ၅။ ။နိုင်ငံတော်၏မဏ္ဍိုင်ကြီး(၃)ရပ်ကိုစောင့်ကြည့်တည့်မတ်ပေးခြင့်ဖြင့် ပြည်သူ့အကျိုးပြု သတင်းမီဒီယာလုပ်ငန်းကိုစတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်ဆောင်ရွက်ရေး။

ပုဒ်မ၆။ ။စာနယ်ဇင်းနှင့်သတင်းမီဒီယာသမားများစောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊လုပ်ငန်းဆောင်ရွက်ပုံစည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းရေး။

ပုဒ်မ၇။ ။သတင်းမီဒီယာသမားများနှင့်စာနယ်ဇင်းထုတ်ဝေသူများရခွင့်ရှိသည့်သတင်းလွတ်လပ်ခွင့်နှင့်အခြားရပိုင်ခွင့်များကို ရရှိစေရေးနှင့် ထိုရပိုင်ခွင့်များကို အကာအကွယ်ပေးရေး။

ပုဒ်မ၈။ ။ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကိုအထောက်အကူပြုရေး။

ပုဒ်မ၉။ ။စာနယ်ဇင်းတွင်ရေးသားထုတ်ပြန်ချက်များ၊သတင်းရိုက်ကူးထုတ်လွှင့်မှုများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက ညှိနှိုင်းဖြေရှင်းမှုနည်းလမ်းကို အလေးထားကျင့်သုံးရေး။

ပုဒ်မ ၁၀။ ။ဥပဒေ၏ရည်ရွယ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် သတင်းမီဒီယာကောင်စီတစ်ရပ်ကိုနည်းဥပဒေပြဋ္ဌာန်းဖွဲ့စည်းတည်ထောင်ရေး။

အခန်း(၃)
ပုံနှိပ်နှင့်သတင်းမီဒီယာသမားများ၏ရပိုင်ခွင့်များ

ပုဒ်မ၁၁။ ။နိုင်ငံသားတိုင်းသတင်းကိုလွတ်လပ်စွာသိရှိခွင့်၊ သတင်းပေးခွင့်ရှိခြင်း။

ပုဒ်မ၁၂။ ။နိုင်ငံသားများသိခွင့်ရှိသောသတင်းအချက်အလက်များကို တားမြစ်ခြင်း၊ ထိန်းချုပ်ခြင်း၊ အကျပ်ကိုင်ခြင်းများမှ ကင်းဝေးစေပြီး ကျင့်ဝတ်စည်းကမ်းနှင့်အညီလွတ်လပ်စွာစုံစမ်းဖော်ထုတ်ရေးသားခွင့်၊ထုတ်လွှင့်ခွင့်ရှိခြင်း။

ပုဒ်မ၁၃။ ။နိုင်ငံသားတစ်ဦးအား ဥပဒေတစ်ရပ်ရပ်ဖြင့်ပေးထားသောအခွင့်အရေးဆုံးရှုံးမှုများကိုသတင်းဆောင်းပါးအဖြစ် ဖော်ထုတ်ရေးသားခွင့်ရှိခြင်း။

ပုဒ်မ၁၄။ ။သတင်းထောက်တစ်ဦးသည် ရုံး၊ အလုပ်ဌာန၊ အဖွဲ့အစည်းများတွင် သတ်မှတ်ချက်နှင့်

အညီသတင်းရယူခွင့် နေရာထိုင်ခင်းရခွင့်၊ ဝင်ထွက်သွားလာခွင့်ရှိခြင်း။

ပုဒ်မ၁၅။ ။သတင်းမထုတ်ပြန်မီ၊ ရေးသားပုံနှိပ်ခြင်းမပြုမီ ကြိုတင် စိစစ် (ဆင်ဆာ) တင်ခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။

ပုဒ်မ၁၆။ ။စာနယ်ဇင်းသမားတစ်ဦးသည် ဂုဏ်ထူး ဆောင်းပါး၊ဝေဖန်ချက်၊သုံးသပ်ချက်တို့ကိုမိမိ၏အာဘော်အဖြစ် ရေးသားခွင့်ရှိခြင်း။

ပုဒ်မ၁၇။ ။နိုင်ငံတော်၏လုံခြုံရေး၊နိုင်ငံသားတို့အားအန္တရာယ်ဖြစ်စေနိုင်သည့်ကိစ္စမှအပအစိုးရဌာနများ၊ပြည်သူ့ဘဏ္ဍာဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်းများရှိလုပ်ငန်းစာရင်းဇယား၊စီမံချက်များ၊လျှို့ဝှက်ကိစ္စမဟုတ်သည့် မှတ်တမ်းများအား တောင်းယူကြည့်ရှုခွင့် ရှိခြင်း။

ပုဒ်မ၁၈။ ။သတင်းအရင်းအမြစ် ထုတ်ဖော်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ခွင့်ရှိခြင်း။

ပုဒ်မ၁၉။ ။(က) စာနယ်ဇင်းသမားတစ်ဦး၏ အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့်ကိုထားရှိခွင့်ရှိခြင်း၊

(ခ) စာနယ်ဇင်းသမားတစ်ဦး၏ ကိုယ်ပိုင်အခွင့်အရေးကိုမှတ်ပုံတင်ခွင့်ရှိခြင်း။

ပုဒ်မ၂၀။ ။စစ်မက်ဘေးအန္တရာယ်ဖြစ်ပွားနေသောဒေသ၌ -

(က) သတင်းထောက်တစ်ဦးသည် တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်မှုရခွင့်ရှိခြင်း၊

(ခ) ဖမ်းဆီးထိန်းသိမ်းခြင်းတို့မှ ကင်းလွတ်ခွင့်ရှိခြင်း။

ပုဒ်မ၂၁။ ။သတ်မှတ်ထားသောစည်းကမ်းချက်နှင့်ညီညွတ်ပါကပုံနှိပ်လုပ်ငန်း၊ သတင်းအေဂျင်စီတို့ ကိုထူထောင်ခွင့်ရှိခြင်း။

ပုဒ်မ၂၂။ ။ပုဂ္ဂလိက သတင်း/မီဒီယာလုပ်ငန်းကိုမည်သည့်အကြောင်းနှင့်မျှနိုင်ငံပိုင်အဖြစ်သိမ်းယူခြင်း မှကင်းလွတ်ခွင့်ရှိခြင်း။

ပုဒ်မ၂၃။ ။ အရေးအခင်း၊ အဓိကရုန်း၊ ဆန္ဒပြနေသော နေရာ၌ သတင်းရယူနေသော သတင်းထောက်များကို ဖမ်းဆီး ထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်း (အသံ၊ အရုပ်၊ ဓါတ်ပုံ၊ အထောက်အထား၊စာရွက်စာတမ်းများ) တို့ကို သိမ်းဆည်းခြင်း အာဏာပိုင်များမှ မှတ်တမ်းတင်ထားခြင်းတို့မှ ကင်းလွတ်ခွင့်ရှိခြင်း။

အခန်း(၄)

စာနယ်ဇင်းနှင့် သတင်းမီဒီယာသမားများလိုက်နာရမည့်တာဝန်များသတ်မှတ်ခြင်း

ပုဒ်မ၂၄။ ။စာနယ်ဇင်းနှင့်သတင်းမီဒီယာများသည် အောက်ပါတို့ကိုလိုက်နာရန်တာဝန်ရှိသည် -

(က) သတင်းတိုင်းအချက်အလက်တိကျမှန်ကန်ရန်နှင့် တတ်နိုင်သမျှပြည့်စုံရန် စိစစ်ရမည်။

(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကိုဖော်ပြမိ၍ပြင်ဆင်ရန်လိုအပ်ပါကသက်ဆိုင်ရာ မီဒီယာသည် အမြန်ဆုံးပြန်လည်ပြင်ဆင်ဖော်ပြပေးရမည်။သတင်းမှန်ဖြေရှင်းချက်ကို လည်း ၎င်းသတင်းထည့်သွင်းသည့်နေရာနှင့်အနီးစပ်ဆုံးစာမျက်နှာတွင်ထင်ရှားစွာ ဖော်ပြပေးရမည်။

(ဂ) သတင်းပေးသူ(သို့မဟုတ်)သတင်းရင်းမြစ်(Source)အမည်နာမနှင့်စပ်လျဉ်း၍ကာယကံရှင်၏ဆန္ဒနှင့်အညီထိန်းသိမ်းဆင်ခြင်ရမည်။

ယုံကြည်၍ထုတ်ဖော်အသိပေးလိုက်သည့်အကြောင်းအရာများနှင့်စပ်လျဥ်း၍လျှို့ဝှက်ထိန်းသိမ်းထားရမည်။

(ဃ)

တရားရုံးတွင်စစ်ဆေးဆဲအမှုများနှင့်စပ်လျဥ်း၍မီဒီယာတွင်ရေးသားဖော်ပြရာ၌တရားရုံးတော်ကပြစ်မှုထင်ရှားစီရင်ခြင်းမပြုသေးသမျှကာလပတ်လုံးတရားစွဲဆိုခံရသူအားအပြစ်ကင်းစင်သူတစ်ဦးအဖြစ် မှတ်ယူရမည်။

(င) သတင်းများရယူရေးသားရာ၌မိမိကိုယ်စားပြုသည့်သတင်းမီဒီယာအမည်ကိုထုတ်ဖော်ပြောဆို၍သတင်းရယူရမည်။

(စ) သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါးစသည်တို့အသွင်ဖြင့် ထည့်သွင်းသောကြော်ငြာများကို ကြော်ငြာဖြစ်ကြောင်းသိသာထင်ရှားအောင် ဖော်ပြရမည်။

(ဆ) သတင်းရေးသားရာတွင် ရေးသူ၏ အာဘော်လုံးဝမပါဝင်စေရ။ ဘက်လိုက်ရေးသားခြင်း မပြုရ။

(ဇ) အများပြည်သူအကျိုးစီးပွားအတွက်ရေးသင့်ရေးထိုက်သည်မှအပလူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) အဖွဲ့အစည်းတစ်ခု၏ဂုဏ်သိက္ခာကိုထိခိုက်စေသောအရေးအသား၊နိုင်ငံသားတစ်ဦး၏အခွင့်အရေးကိုထိပါးစေသောအရေးအသားများရှောင်ကြဥ်ရမည်။

(ဈ)

သတင်းရေးသားရာတွင်ကလေးသူငယ်များ၊အမျိုးသမီးများနှင့်စပ်လျဥ်းသည့်ဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာရမည်။

(ည) ဇာတိ၊ကိုးကွယ်ရာဘာသာ၊လူမျိုးတို့ကိုအကြောင်းပြု၍ခွဲခြား၊ ဝေဖန်၊ လှုံ့ဆော်ရေးသားခြင်း မပြုရ။

(ဋ) စာနယ်ဇင်းသမားများအားလုံးမည်ကဲ့သို့သောအခွင့်အရေး၊တံစိုးလက်ဆောင်မျှမယူရ။

(ဌ) စီးပွားရေး၊ နိုင်ငံရေးစသည့် အဖွဲ့အစည်းတစ်ခုခု၏ ဩဇာကြောင့် မမှန်မကန်ရေးသားခြင်းမပြုရ။

(ဍ)

သူတစ်ပါးဖန်တီးထားသောသတင်း၊ဓာတ်ပုံ၊ဆောင်းပါးများကိုမူရင်းဖန်တီးသူ၏ခွင့်ပြုချက်မရဘဲကူးယူဖော်ပြခြင်းမပြုရ။ ခွင့်ပြုချက်ရယူပြီးဖော်ပြလျှင်လည်းမူလရင်းမြစ်ကိုဖော်ပြပေးရမည်။

(ဎ) အီလက်ထရောနစ်နည်းပညာဖြင့်ထုတ်လွှင့်သော အင်တာနက်၊ လူမှုကွန်ယက်များ စသည့်အရင်းအမြစ်များမှတစ်ဆင့်ရသောသတင်းများသည် မှန်ကန်ကြောင်း သက်သေအခိုင်အမာမပြနိုင်ပါက ပြန်လည်ကူးယူဖြန့်ချိခြင်းမပြုရ။

ပုဒ်မ ၂၅။ ။နိုင်ငံသားတိုင်းအတွက် ဘေးအန္တရာယ်ဖြစ်စေမည့် ဆေးလိပ်၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊အေအိုင်ဒီအက်စ်နှင့်အခြားသောကူးစက်ရောဂါများဆိုင်ရာသတင်းများကိုဖော်ပြရာတွင်ပြည်သူလူထုအကျိုးထိခိုက်စေမည့် ပုံနှိပ်ထုတ်ဝေရေးသားခြင်းကိုရှောင်ကြဉ်ရမည်။

ပုဒ်မ ၂၆။ ။လူမှုရေးဒုက္ခခံစားရသူများ၊ မသန်စွမ်းသူများနှင့် စပ်လျဥ်းသောကိစ္စရပ်များဖော်ပြရာတွင် သတင်းရေးခံရသူ၏ ဂုဏ်သိက္ခာ ညှိုးနွမ်း ထိခိုက်စေမည့် ဖော်ပြချက်များရှောင်ကြဥ်ရမည်။

ပုဒ်မ ၂၇။ ။သတင်းမီဒီယာကောင်စီကချမှတ်ထားသောကျင့်ဝတ်စည်းကမ်း၊လမ်းညွှန်ချက်၊ဆုံးဖြတ်ချက်များကို လိုက်နာရမည့် တာဝန်ရှိသည်။

အခန်း(၅)
သတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်း

ပုဒ်မ၂၈။ ။နိုင်ငံတော်သမ္မတသည် -

(က) ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင်ကြီးကြပ်ဆောင်ရွက်နိုင်ရန် လွတ်လပ်သောသတင်းမီဒီယာ ကောင်စီတစ်ရပ်ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို နည်းဥပဒေတွင် သတ်မှတ် ဖော်ပြ ပြဋ္ဌာန်းပေးရမည်။

(ဂ) ကောင်စီဝင်ဦးရေနှင့်သတင်းမီဒီယာအဖွဲ့အစည်းများနှင့်အခြားသောပညာရှင်များ ပါဝင်သည့် ကိုယ်စားလှယ် အချိုးအစားကို နည်းဥပဒေတွင် သတ်မှတ်ပေးရမည်။

(ဃ) သတင်းမီဒီယာကောင်စီသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော လွတ်လပ်သည့် သတင်းမီဒီယာဆိုင်ရာ ကောင်စီဖြစ်သည်။

အခန်း(၆)

ပုံနှိပ်နှင့် သတင်းမီဒီယာလုပ်ငန်းများတည်ထောင်ခြင်း

ပုဒ်မ၂၉။ ။နိုင်ငံသားတိုင်းသည်

တည်ဆဲနိုင်ငံသားရင်းနှီးမြုပ်နှံမှုဥပဒေနှင့်ညီညွတ်ပါကပုံနှိပ်နှင့်သတင်းမီဒီယာလုပ်ငန်းများတည်ထောင်နိုင်သည်။ နိုင်ငံခြားပုံနှိပ်နှင့်သတင်းမီဒီယာ လုပ်ငန်းများတည်ထောင် ခွင့်နှင့် ရင်းနှီးမြုပ်နှံခွင့်တို့သည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် အညီဖြစ်ရမည်။

ပုဒ်မ ၃၀။။သတင်းမီဒီယာ လုပ်ငန်းဆောင်ရွက်ခွင့်ရပါက သတ်မှတ်ထားသော မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(က) မှတ်ပုံတင်သက်တမ်းကို နည်းဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည်။

(ခ) တည်ဆဲဥပဒေအရထုတ်ပေးထားသော မှတ်ပုံတင်၏ သက်တမ်းကုန်ဆုံးပါက သတ်မှတ်ချက်နှင့်အညီ သက်တမ်းတိုးခွင့်ရှိသည်။

(ဂ) ခွင့်ပြုချက်ရရှိထားသောလုပ်ငန်းသည် အကြောင်းတစ်ခုခုကြောင့် ရပ်စဲခံ ရသည်ဖြစ်စေ၊ မိမိဆန္ဒအလျောက် လုပ်ငန်းရပ်စဲသည်ဖြစ်စေ၊ မူလထုတ်ပေးထားသောလုပ်ငန်းခွင့်ပြုချက်နှင့်မှတ်ပုံတင်ကိုဆိုင်ရာသို့ပြန်လည်ပေးအပ်ရမည်။

(ဃ) မှတ်ပုံတင်ရုံးသည် တရားရုံး၏ ဆုံးဖြတ်ချက်မှအပ မည်သည့်နည်းနှင့်မျှ မှတ်ပုံတင်ကို ပယ်ဖျက်ခွင့်၊ ငြင်းပယ်ခွင့်မရှိစေရ။

အခန်း (၇)

အထွေထွေပြဋ္ဌာန်းချက်

ပုဒ်မ၃၁။ ။သတင်းမီဒီယာ၌ ဖော်ပြထားသော ရေးသားထုတ်လွှင့်ချက် တစ်ခုခုကြောင့်နစ်နာသူသို့မဟုတ် မကျေနပ်သူသည်ပြစ်မှုဥပဒေ၊ တရားမ ဥပဒေတို့အရ တရားစွဲဆိုခြင်းမပြုမီ နည်းဥပဒေ၌ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ သတင်းမီဒီယာကောင်စီသို့ တိုင်ကြားပါက သတင်းမီဒီယာကောင်စီ၏ ညှိနှိုင်းဖြေရှင်းပေးမှုကို ဦးစွာရယူရမည်။

ပုဒ်မ၃၂။ ။ဤဥပဒေပါ ပုံနှိပ်နှင့် သတင်းမီဒီယာ လုပ်ငန်းသည် ပုဒ်မ (၃၃) ပါ ကင်းလွတ်ခွင့်များမှအပ နိုင်ငံအတွင်းထုတ်ဝေသောစာနယ်ဇင်း၊ ထုတ်ဝေစာ၊ သတင်းထုတ်လွှင့်ချက်များအားလုံးနှင့် သက်ဆိုင်စေရမည်။

ပုဒ်မ၃၃။ ။ ဤဥပဒေပြဋ္ဌာန်းချက်များသည် အောက်ပါထုတ်ဝေစာများနှင့် မသက်ဆိုင်စေရ။

(က) အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်ကမိမိလက်အောက်ခံအဖွဲ့အစည်း၊ ရုံးဌာနများသို့ ရေးသားပေးပို့သည့်ထုတ်ဝေစာ၊

(ခ) ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းအချင်းချင်းအကြောင်းကြားစာ။

(ဂ) စီးပွားရေး၊ ငွေရေးကြေးရေး၊ လုပ်ငန်းများအချင်းချင်းရေးသားထုတ်ဝေစာ။

(ဃ) ပြည်ထောင်စုရွေးချယ်တင်မြှောက်ပွဲ ဆိုင်ရာဥပဒေအရထုတ်ပြန်သောကင်းလွတ်ခွင့် ပြုသည့် ထုတ်ဝေစာ။

ပုဒ်မ၃၄။ ။ပြည်တွင်းသို့ပြည်ပမှတင်တွင်းသောစာနယ်ဇင်းများသည်နိုင်ငံတော်၏လုံခြုံရေးနှင့်ပြည်သူများ၏အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းရှိ/မရှိ စိစစ်အရေးယူရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက နည်းဥပဒေကို သီးခြားသတ်မှတ် ပြဋ္ဌာန်းပေးနိုင်သည်။

ပုဒ်မ၃၅။ ။နိုင်ငံတော်အစိုးရသည်

(က) နိုင်ငံတော်အကျိုးစီးပွားကို တမင်ထိခိုက်စေနိုင်သော စာနယ်ဇင်းများကို တွေ့ရှိက သိမ်းဆည်းခြင်း၊ ရှာဖွေဖမ်းဆီးခြင်းကို တည်ဆဲဥပဒေသက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်နှင့် ပြည်သူများ၏ အသက်ဘေးအန္တရာယ်နှင့် လုံခြုံရေးကိုထိခိုက်စေနိုင်သော ပြည်တွင်းပြည်ပမှထုတ်ဝေဖြန့်ချိသော ဗီဒီယိုခွေ၊ တိပ်ခွေ၊ Internet၊ Website ထုတ်လုပ်ချက်များကို ပိတ်သိမ်းခြင်း၊ ဖမ်းဆီးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို တည်ဆဲဥပဒေအရ ထုတ်ပြန်နိုင်သည်။

ပုဒ်မ၃၆။ ။၁၉၆၂ ခုနှစ် ပုံနှိပ်သူများ မှတ်ပုံတင်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

....။..